# သုမောင်

အရက်သမား

# အမှားတစ်ခါ



## အရက်သမား အမှား တစ်ခါ

ဆရာကြီး လူထုဦးလှက လူငယ်ပညာပေး၊ အမျိုးသားထုကျန်းမာရေး၊ စိတ်ဓာတ်ကြံ့ခိုင်ရေးစသော ဗုဒ္ဓဘာသာကို အခြေခံသည့် ပြုပြင်ရေးဆောင်းပါးများကို ရေးသားရာ၌ ထိုစာအုပ်ကို အခြေခံသည့် ပြုပြင်ရေးဆောင်းပါးများကိုရေးသားရာ၌ ထိုစာအုပ်ကို အရက်သမား အမှားတစ်ထောင်ဟု အမည် သညာ ပေးခဲ့ပါသည် ။ ကျွန်တော်ငယ်စဉ်က အသည်းစွဲစာအုပ်ဖြစ်ပါသည် ။ အသည်းစွဲဟု ကျွန် တော်က သုံးနှုန်းရာ၌ ထိုစာအုပ်ပါအကြောင်းအရာများ နှင့် စာရေးဟန်ကို ကြိုက်နှစ်သက်ခြင်း၊ စွဲမက် ခြင်း သဘောကိုသာဆိုပါသည် ။ ဆရာကြီး၏ လမ်းညွှန်မှု၊ ပညာပေးမှုစသော ရည်ရွယ်ချက်များကို ကားမလိုက်နာမိရိုးအမှန်ပါ။ ဆေးကောင်းဝါးကောင်းကို လူတို့ လျှာမစွဲချေ။ ဒါကြောင့်ပင် ကျွန်တော် အရက်သမားဖြစ်ခဲ့ဖူးသည် မဟုတ်ပါလား။ အသည်းစွဲသဖြင့်လည်း အသည်းရောဂါဖြစ်ခဲ့ရသည် မဟုတ်ပါလား။

မည်သို့ပင်ရှိစေ စာအုပ်ကို ယခုတိုင်စွဲစွဲလမ်းလမ်းဖြစ်နေသေးကြောင်းကိုကား ကျွန်တော် ၏ ဤစာစခေါင်းစီးကိုကြည့်ခြင်းအားဖြင့် သာသာနိုင်ပါသည် ။ ဆရာကြီး၏ ခေါင်းစဉ်ကို မှီ၍ ကျွန်တော် ၏ ခေါင်းစီးကိုတပ်ခဲ့သော်လည်း ကျွန်တော်က သရော်လှောင်ပြောင်လိုခြင်း၊ ကလန်ကဆန်ပြုလိုခြင်း လုံးဝမရှိပါ။ ထိုနည်းတူ ကျွန်တော်၏ အရက်သမား ဘဝကို ပြန်လည်တမ်းတခြင်းလည်း မရှိခဲ့ရိုးပါ။ တစ်ဆက်တည်းမှာ ပင် ကိုယ့်

အမှားတွေကိုပြန်ပြီး နောင်တရနေခြင်းလည်း မဟုတ်ပြန်ပါ။

ဤသို့ဟိုဟာမဟုတ်။ သည် ဟာမဟုတ်ဟု အာမဘာန္တေခံနေပါလျှင် ကျွန်တော်၏ ရည်ရွယ်ချက် က ဘာများ ပါလိမ့်။ အရက်သမားဘဝတွင် ကျွန်တော်သည် တစ်ခါတည်းသာ မှားခဲ့သည် ဆိုချင်ပါသ လား။ ဒါ တော့မဖြစ်နိုင်ပါ။ အရက်သမားဖြစ်ခဲ့သည် ဆိုမှ တော့ တစ်ကြိမ်မက ဆယ်ကြိမ်မက မှားခဲ့ဖူး မည်သာဖြစ်ပါလိမ့်မည်။ အရက်သမားဘဝတွင် မှန်တာဆိုလို့ မိမိ၏ အဇ္ဈတ္တအတွင်းသဏ္ဍာန်ရော ဗဟိ ဒ္ဓအပြင်သဏ္ဍာန် ပါ တစ်စမကြွင်း ဖော်ကျူးကုန်ခြင်းသာ ရှိပါလိမ့်မည်။ အကြောက်တ ရား အရှက်တရား စသော ဖုံးကွယ်အပ်သော တရားများ ဘူးပေါ်သလို ပေါ်ကုန်ခြင်းသာရှိပါလိမ့်မည်။

မည်သို့ပင်ရှိစေ ဘယ်နှကြိမ် မှားခဲ့ဖူးမှန်းမသိသော ကျွန်တော့်အနေ နှင့် ပြောဝံ့သည် ကား တစ်ခါသောက် တစ်ခါမှားခြင်း ပင်ဖြစ်ပါတော့သ် ။

သို့သော် ဤစာစုတွင် ကျွန်တော်မှားခဲ့ဖူးသည့် အကြောင်းကို အပြစ် ဝန်ခံသည့်အနေနှင့် မရေး ပါ။ တရားရစရာ အနေနှင့်လည်း မဖော်ကျူး ပါ။

ထိုနည်းတူ ဟာသဦးစားပေးဖြစ်သော ဤသောကြာစာစောင်မဂ္ဂဇင်းအတွက်ရေးသဖြင့် ရယ် မောစရာဟူ၍ လည်း သဘောမထားပါ။ ခုနယ်ခါတွင် ကျွန်တော်သည် အမှားအမှန်ကို ပိုင်းခြားလိုခြင်း ထက် ဖောက်သည် ချလိုခြင်းသာ စိတ်၌ ရှိနေပါသည် ။ ကျွန်တော်၏ ရိုးရိုးတန်းတန်းဖောက်သည် ချစ ကားသည် စာဖတ်သူတို့ အဖို့ ပြုံးချင်စရာဖြစ်သွားပါမူ ကျွန်တော်က တောင်းပန်ပါ၏ ။

* * *

ကျွန်တော်သည် အရက်ပါဝင်သော အရည်ကို စတင်သောက်သုံးဖူး သည် မှာ အထက်တန်း ကျောင်းသားဘဝကဖြစ်ပါသည် ။ တကယ် တော့ ထိုစဉ်က ဘီယာဟာ အရက်တော့မဟုတ်ပါ။ တငြိမ့် ငြိမ့်လေးနဲ့ အတော်လာတာဟူသော သီချင်းမပေါ်ပေါက်သေးသော်လည်း ကျွန် တော်အထက်လူကြီး က

"ဟေ့ကောင် နည်းနည်းမြည်းကြည့်ပါလား။ ဒါအရက် မဟုတ်ဘူး ဘီယာခေါ်တယ် အာလူး ပြုတ်ရယ်ကွ"ဟု ဆိုသဖြင့် ကြိတ်မှိတ်ပြီး နိုပ် ခဲ့ခြင်းသာ ဖြစ်၏ ။ ၁၆ နှစ်သားအရွယ် ကျွန်တော့်အတွက် ဘယ်ကဲ့သို့ အထက်လူကြီး ရှိသနည်းဟု မေးခဲ့သော်...။

ကျွန်တော်က အလယ်တန်းကျောင်းသားဘဝမှာ ပင် ဖခင်ကြီး၏ လု ပ်ငန်း၌ တောက်တိုမည်ရ ဝင်လုပ်နေသူ လုပ်အားပေးတစ်ပိုင်းပါ။ ကျွန် တော်ဖခင် မန်နေဂျာထံတွင် ရုပ်ရှင်ပညာဆည်းပူးရပါ သည် ။ သူကအ ရက်ကလေးဘာလေး သောက်တက်သည် ။ (သူအမည်ကို ကျွန်တော်မပြောလိုပါ) သူ က ယခုအချိန် နာမည်ကြီးတစ်ယောက်ဖြစ် နေသော ကြောင့်ပါ။ ဤသို့အားဖြင့် ဆရာသမား နောက် ကျွန်တော်တ ကောက်ကောက် လိုက်ခဲ့ပါသည် ။ ကျွန်တော့်အဖေက ထိုသို့ ကျွန်တော် လုပ်အားပေး သည့် အတွက် တစ်နေ့ ၁၅ ကျပ် အခငွေကြေးပေးပါသည် ။ ကျွန်တော်ကလည်း ကျောင်းပိတ်ရက် များ တွင် ကစားခုန်စားလုပ်ရ သည် ထက် အဖေ့လုပ်ငန်းမှာ ပညာသင်ရတာ ကို ပို၍ ပျော်ပါသည် ။ မု န့်ဖိုး မကသော ငွေကိုလည်း ရသည့်မဟုတ်လား။

စောစောကပြောသော တစ်နေ့သည်၌ ကျွန်တော်တို့ ဆရာတပည့်နှစ် ဦး မော်တော်ဆိုင်ကယ်ဖြင့် လုပ်ငန်းခွင်သို့သွားပါသည် ။ အရင့်အရင့် အခါများကတော့ မော်တော်ကားနှင့်ပါ။ ကျွန်တော်ကလည်း ထိုအရွယ်

တွင် ကားကောင်းကောင်း မောင်းတက်နေပါသည် ။ ထိုနေ့ကမှ ရန်ကုန်မြို့တွင် အနှံ့သွားရ မည်မို့ မော်တော်ဆိုင်ကယ်ဖြင့် ထွက်လာကြခြင်းဖြစ်ပါသည် ။

ကျွန်တော့်ဆရာသမားများ သည် အရက်သမားမဟုတ်ပါ။ တစ်ခါတစ်ရံ သောက်သုံးသူဖြစ်ပါ သည် ။ သို့သော် အားလူးပြုတ်ရည် ဆိုတာကိုတော့ နေ့စဉ်သောက်ပါသည် ။ ထိုနေ့ကလည်း ကျွန်တော်တို့ ခြံ(သဃ်န်းကျွန်းသာစုခြံ) မှ ထွက်ထွက်ချင်း တာမွေအဝိုင်း(ယခုမရှိတော့ပါ) သို့ရောက် လျှင် အာလူးပြုတ်ရည်ဆိုင်သို့ဝင်ပါသည် ။

ကျွန်တော်မှတ်မိပါသည် ။ ဆိုင်အမည်က မြခွာညို ဘီယာဆိုင်ဖြစ်ပါသည် ။

ဗလကြီး ငါအာလူးပြုတ်ရည် သောက်ဦးမယ်ကွာ ထုံးစံအတိုင်း ပြောသဖြင့် ကျွန်တော်ပါ လိုက် ထိုင်ပါသည် ။ သူသောက်လျှင်ကျွန်တော်က ဘိလပ်ရည်နှင့် အာလူးကြော် မြေပဲကြော်။ ဆိပ်သားကင် စသည် ဖြင့် အမြည်းစားရပါသည် ။ ပိုက်ဆံကို သူကရှင်းပါသည် ။ နှစ်ယောက်ပေါင်းမှ ၁၅ ကျပ် မကျော် သော်လည်း ကျွန်တော်လုပ်ခမှာ ၁၅ ကျပ်မို့ ကျွန်တော်အဖို့ တော့ တော်တော်များ တဲ့ ငွေပါ။

သည် နေရာမှာ ကြားဖြတ်ပြောစရာရှိပါသည် ။ ထိုနေ့မတိုင်ခင်ညက အဖေက ရပ်ရှင်ဇာတ် ကား(ဖတ်စ်ကလပ်) ဖလင်တည်းဖြတ်ကြသည် မို့ မိုးလင်းလုလုဖြစ်သွားသဖြင့် ဆရာရော ကျွန်တော် ပါ အိပ်ရေးပျက်ခဲ့ကြပါသည် ။ ကျွန်တော် က လူငယ်မို့ သိပ်မထူးခြားသော်လည်း ဆရာခများ တော် တော်ပဲ ဝေါင်းစင်းစင်း ဖြစ်နေပါသည် ။

ဟေ့ ဗလကြီး မင်းအဖေကို ပြန်မတိုင်နဲ့ နော် ငါအရက်နည်းနည်းတော့ သောက်မှ ဖြစ်မယ်။

အမှန်တော့ကျွန်တော်ပြန်တိုင်စရာမလိုပါ။ အဖေကသူ့သောက်တာ သိထားပုံရပါသည် ။ သို့ သော် ခုလို နေ့လယ်ခင်းကြီးမှာ မို့ အိမ်ပြန်ရောက်ရင် အဖေထံ သူမဝင်တော့ဘဲ ကျွန်တော့်ကို လုပ်ငန်း ကိစ္စတွေ စာရင်းရှင်းခိုင်းတော့မှာ သာဖြစ်သည် ။ အဖေနှင့်ကျွန်တော်သာ မျက်နှာချင်းဆိုင်ရမှာ သေချာ ပါသည် ။

ဆရာသမားသည် ရစ်နှစ်ပတ်ဟု မှာ လိုက်ပြီးဘီယာတစ်ပုလင်းကို ဖောက်၍ ရောပါသည် ။ ယခင်က ဘီယာ(သူ့အဆို အာလူးပြုတ်ရည်) တစ်ပုလင်းကို သူတစ်ယောက်တည်း သောက်နေကျပါ။ ခုမှ ရမ်းပါရော ပြုတ်ရည်ပါ။

တကယ်တမ်း ကျွန်တော် အရက်သောက်တက်လာသော အချိန်များ ကျမှ ပြန်စဉ်းစားမိလိုက် သည် မှာ ဟိုစဉ်က သူကျွန်တော့်ကို ဘီယာတိုက်ခြင်းမှာ မကုန်၍ မဟုတ်ဘဲ ရမ်းနှစ်ပတ်ကြောင့် သွေး ဆူပြီး မြူးကြွလာသောကြောင့် ဖြစ်မှန်းသိပါသည် ။

မည်သို့ပင်ဖြစ်စေ ထိုနေ့ကစပြီး ကျွန်တော် ဘီယာသောက်ဖြစ်သွားပါတော့သည် ။

သည် ်လိုနှင့် ဆရာတပည့်နှစ်ယောက်သား လုပ်ငန်းခွင် သွားလိုက်ကြသည် မှာ နေ့လယ် နှစ်ချက် တီးလောက်ရောက်မှ အိမ်သို့ပြန်ခဲ့ကြပါသည် ။ ကျွန်တော်လည်း မူလပုံမှန်ပြန်ရောက်သည် ။ အမူးပြေပြီဆိုပါစို့။ ဆရာလည်း ပုံမှန်ဖြစ်သွားပါပြီ။ သို့သော် ခြံရှေ့ရောက်တော့ ဆရာက ဆိုင်ကယ်ကို ရပ်ပြီးခြံစပ်သို့ပြေးပါသည် ။ သူပြန်လာတော့ ခြံစပ်ရှိသော မာလကာပင်မှ အကင်းသီး တစ်လုံးနှင့် အရွက်နည်းနည်းယူလာပါသည် ။

ရော ဗလကြီး ဒီမာလကာသီးကုန်အောင် မြန်မြန်စား

ဟား ခါးမှာ ပေါ့ အစ်ကိုရ

လေကြေတယ်ကွ။ အာလူးပြုတ်ရည်က ရင်ပြည့်တယ်။ ဒါဆေးပဲ စားလိုက်

ကျွန်တော်က ဆရာပြုံးသည့်အတိုင်း ပြုံးပါသည် ။ ဆရာကလည်း မာလကာရွက်များကို ညက် အောင်ပါး။ အာလောက်အောင် အာလော က်လောက်ဟု လုပ်ပြီးမှိုချပါသည် ။

* * *

အိမ်ပြန်ရောက်တော့ အဖေမနိုးသေးပါ။ အဖေသည် ညလူဖြစ်ပါသ ည် ။တစ်ညလုံး အလုပ်လုပ် ပြီး မိုးလင်းမှ အိပ်လေရာ ညနေစောင်းမှ နိုးတက်သူဖြစ်ပါသည် ။ ကျွန်တော်လည်း ထမင်းစားသောက် ရေမိုးချိုးပြီး နောက်ကလိုက်လာကြမည့် အုတ် သယ်ကားများကို စောင့် ပါသည် ။ ကျွန်တော့် ဆရာကမူ အဖေ့ကို ရင်မဆိုင်ရဲသဖြင့် လစ်ပြေးရ ပါပြီ။ အဖေက အရက်သောက်တာ လုံးဝမကြိုက်။

မကြာခင်မှာ ပင် ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက်မှာ ကြား ထားခဲ့သော အုတ် သယ်ကား များ ရောက်ချလာပါတော့သည် ။ စုစုပေါ င်း ကားလေးစီးပါ။ ကားတစ်စီးလျှင် အုတ် အလုံး ၂၀၀၀ နှုန်း ဖြင့် အု တ်အလုံး ၈၀၀၀ ဖြစ်ပါသည် ။

ကျွန်တော်သည် ဆရာမရှိသည့်အခိုက်တွင် ဆရာတစ်ဆူပင် လုပ်ချ င်နေသူမို့ အုတ်သယ်ကား များကို နေရာပြပေးပါသည် ။ အုတ်ခဲများကို သူ့အပုံနှင့်သူစနစ်တကျ နေရာချရန် အလုပ်သမားများ အား ညွှန်ကြားပါသည် ။

ထိုစဉ်က အုတ်၊ သဲ၊ ကျောက်စသည့် ကုန်ကြမ်းသယ်သော လော်ရီ

ကားများမှာ စစ်အတွင် သုံး အဟောင်းများ ဖြစ်ရကာ စက်သံအလွန်ဆူညံပါသည် ။ ခြံထဲတွင် လော်ရီကားများ ရှေးတိုးနောက်ဆုတ် လုပ်သောအသံများ သည် အခြားသူမပြောနှင့် နားလေးရှာသော ကျွန်တော့် ဖခင်ကပင်လျှင် အိပ်ရာမှ လန့်နိုးရသည့်အထိ ဖြစ်သည် ။ သူ့ကိုအိပ်ရာမှ မနိုးခိုင်းဘဲ နိုးမိလျှင်ပင် ဒေါသဖြစ်တက်သော အဖေ သည် အုတ်ကားများ အသံကြောင့် လန့်နိုးလေရာ....

ဟေ့ ဆူညံလှချည်လား

ဟု အော်ဟစ်ရင်းအိမ်ရှေ့ထွက်လာချိန်မှာ မန်နေဂျာကြီးတစ်ယောက်လုပ်ငန်းဆောင်ရွက်နေ သည့်ဟန်ဖြင့် ခပ်ကြွားကြွားလုပ်နေသော ကျွန်တော်မှာ ဂုဏ်ယူမဆုံးပါ။

အုတ်များ ၊ အုတ်သယ်သူများ နှင့် အလုပ်ရှုပ်ချင်ဟန်ဆောင်နေသော ကျွန်တော့်အနားသို့ ရောက်သောအခါအဖေ ဒေါသပြေဟန်တူပါသည် ။ (အဖေဒေါသဖြစ်လျှင် ကျွန်တော်ချော့လို့ ရသည် ။ အဖေက ကျွန်တော့်ကို ချစ်သည် ။ အလိုလိုက်သည် )။

ဟေ့သားအုတ်တွေ ဘာလုပ်တာတုံးကွ။ဟု ကျွန်တော့်ပါးကိုဆွဲရင်း မေးပါသည် ။ ကျွန်တော်က မှူ အလွန်အလုပ်များ ဟန်ဆောင်ပြီး ချက်ချင်းစကားမပြန်ပါ။

ဟေ့ ဖေဖေမေးနေတယ်လေဟု ခပ်ဆတ်ဆတ်မေးလေမှ ကျွန်တော်လည်း အိုက်တင်ကြီးတစ် ခွဲသားနှင့် အဖေရေထားသော စာကို လှမ်းပေးရင်းအုတ်ခဲအမျိုးကောင်းမကောင်းပြရန်တစ်လုံးလှမ်း ယူလိုက်သည် တွင်

ဟာ ဟာ ဘယ်လို လုပ်ချလိုက်တာလဲကွာ ဟေ့ ဟိုကောင်ကော

အဖေသည် သူရေးထားသော စာရွက်ကို တစ်လှည့် ကျွန်တော့်ကို တစ်လှည့်အုတ်ပုံကြီးများ ကို တစ်လှည့်ကြည့်ရင်း အလောသုံးဆယ် မေးပါသည် ။ စိတ်လည်း တော်တော်တိုသွားပုံရပါသည် ။

ဘာဖြစ်လို့ လဲ ဖေဖေအုတ်မကောင်းလို့ လား ဖေဖေ ဝယ်နေကျဆိုင်က သားကိုယ်တိုင် ဝယ်ခဲ့ တာပါ။

ကျွန်တော့်အဖေကို ကြည့်ရသည် မှာ စိတ်ကလည်း ဆိုး၊ သားဖြစ်သူ လုပ်တာမို့ အပြစ်လည်း မဆိုရက် ဖြစ်နေပုံရပါသည် ။ သို့သော် ဘာကြောင့် ဖေဖေစိတ်ဆိုးမှန်းမသိပါ။

ဘယ်သူက အုတ်ဝယ်ခိုင်းလို့ လဲကွာ ခက်တာပဲ ဟိုကောင်ကော

အဖေက စိတ်ဆိုးလျှင် ကျွန်တော့်ဆရာကို ဟု ခေါ်ပါသည် ။ ကျွန်တော်ကလည်း ဆရာသမား အရက်နံ့ရမှာ စိုး၍ လစ်ပြေးတာကို သိသဖြင့် အခြားလှီးလွှဲပြောရပါသည် ။

တကက်တစ်ခေါက်ခေါက်နှင့် အဖေအိမ်ထဲပြန်ဝင်သွားရာကျွန်တော် လိုက်သွားရပါသည် ။

ဘာမှားလို့ လဲ ဖေဖေ

အဖေစာကို သေသေချာချာ မဖတ်ဘူးလား သားရယ်

ဟူ၍ သာပြောပြီး သူ့စာကို ကျွန်တော့်အား ပြန်ပေးပါသည် ။ (အဖေသည် သူအိပ်ရာဝါခါနီး တွင် နောက်တစ်နေ့ မနက်ပိုင်းလုပ်စရာအလုပ်များကို စာဖြင့် ရေးသားပြီး ခိုင်းစေတက်ပါသည် ။

အဖေစာကို ယူပြီး ကျွန်တော် ပြန်ဖတ်ကြည့်သောအခါတွင် ကားသားတပည့် မောင်သက်

၁။(၇၀၀) ခုနစ်ရာကို ဖလင်ကူးဆေးဖို့ ရုပ်ရှင်မြှင့်တင်ရေးမှာ ငွေသွင်း၊

၂။(၁၂၀) တစ်ရာနှစ်ဆယ်ကို တိုက်ခန်းလခပေး။

၃။(၁၅၀) တစ်ရာငါးဆယ်ကို ကြော်ငြာဘလောက်အတွက် နယူးဘားမားဆိုင်ကို စရန်ပေး။

၄။မင်းတို့ လည်း ထမင်းစား၊ လက်ဖက်ရည်သောက်။

၅။ ပိုတာတွေ ကွေကာအုတ်ဝယ်ခဲ့

(သားဗလကြီး ခေါ်သွား တချို့ကိစ္စသူကို ဝိုင်းလုပ်ခိုင်း)

ကျွန်တော်သည် အဖေ့စာကို ပြန်ဖတ်ရင်း မျက်လုံးများ ပြာဝေသွားပါတော့သည် ။ သည် စာကို ကျွန်တော့်ဆရာလည်း ဖတ်ခဲ့သည် ။ ကျွန်တော်လည်း သေသေချာချာ ဖတ်ခဲ့ပါသည် ။ အဖေသည် တိတိကျကျ သမားဖြစ်သလို စာရေးလျှင်လည်း ထောင့်စေအောင်ရေးပါသည် ။ အထက်ပါ စာတိုများ ရေးသားသည့်အခါမှာ ပင် အမှာ မပါအောင် သတိထားသူဖြစ်ပါသည် ။ ထို့ကြောင့် ကျွန်တော်တို့ က လည်း သတိကြီးစွာဖတ်ပြီးခိုင်းသမျှ တိတိကျကျလုပ်ပါသည် ။ မရှင်းတာရှိလျှင် ရောက်ရာအရပ်မှ ဖုန်း ပြန်ဆက်ပြီး အဖေ့ကို ပြန်မေးရပါသည် ။ ယခုတစ်ကြိမ်တွင် မူ ကျွန်တော့်ဆရာကလည်း ရမ်နှစ်ပတ် နှင့် ဘီယာကို သောက်ထားသည် ။ ကျွန်တော့်အူရိုင်းကလည်း ဘီယာကို သောက်ထားသည် ။ ဆိုကြပါစို့။ နှစ်ယောက်စလုံး ရီထွေထွေဖြစ်နေခဲ့ကြသည် ။ လိုအပ်သည် ထက်ပို၍ စိတ်ကစားနေကြသည် ။ တက် ကြွနေကြသည် ။အဆုံးအဖြတ်မြန်နေကြသည် ။ ကြည့်ပါ။ အရက်နှင့်ဘီယာတန်ခိုးသည် ကျွန်တော်တို့ ကို ကောင်းကောင်း ပညာပေးလိုက်ပါပြီ။

အဖေ့စာထဲကအတိုင်း လုပ်ငန်းဆောင်တာများကို အမှားမရှိ လုပ်နိုင်ခဲ့သည် ။ ငွေပေးငွေချေ ကိစ္စများ တွင် လည်း ဖလင်ဆေးရန်၊ တိုက်လခပေးရန်၊ ကြော်ငြာဘလောက်စရန်ပေးရန် အားလုံးတိတိ ကျကျ။အဲ့ချစ်တီးစားရန်ပေးရန်။ အားလုံးတိတိကျကျ ။ အဲချစ်တီးထမင်းစားရန်ငွေကိုတော့ ကိုယ်ပိုင် ဖြစ်နေသဖြင့် နှစ်ဦးသား ဘီယာဆိုင်မှာ သဘောတူဖြုန်းလိုက်ကြသည် ။ ထိုသို့ အဖြုန်းလွဲမှားခြင်း သည် ပင်နောက်ဆက်တွဲ ပြဿနာပေါ်တော့သည် ။

အသို့မူ...။

အဖေ့ညွှန်ကြားချက်ပါ နောက်ဆုံးအလုပ် အမှတ်စဉ် (၅)မှာ ကျွန်တော်တို့ အကြီးအကျယ်မှား တော့သည် ။အဖေရေးသားသည် က

ပိုတာ ကွေကာအုတ် ဝယ်ခဲ့ဖြစ်သည် ။ (ပိုငွေ အကြွေစများကို ဆိုလိုခြင်းပါ။

ကျွန်တော်တို့ ဆရာတပည့် ဘီယာတန်ခိုးဖြင့် သဒ္ဒါပိုပြီးဖတ်လိုက်မိသည် က ပိုတာတွေက အုတ်ဝယ်ခဲ့ဖြစ်သွားသောကြောင့်ပင်။

ထို့ကြောင့်ပင် ဘဏ်မှ ထုတ်ယူလာသော ငွေ ၅၀၀၀ အနက်မှ အဖေခိုင်းသော ကိစ္စများ လုပ် ဆောင်ပြီး ကျန်ငွေ ၄၀၀၀ ကျော်စလုံးကို အုတ်ခဲများ ဝယ်လိုက်ကြပါတော့သည် ။

ထိုစဉ်က စက်အုပ်တစ်လုံးကို ပြား ၅၀ ဖြစ်လေရာ ကားတစ်စီးတိုက် အုတ် ၂၀၀ ကိုမှ ငွေ တစ်ထောင်ကျသင့်လေရာ ငွေ ၄၀၀၀ ကျော်ဖိုးနှင့် အုတ်သယ်ကား လေးစီးတိုက်အုတ်အလုံး ၈၀၀၀ ကို ဆရာတပည့်နှစ်ဦး သဘောတူဝယ်ချလာခဲ့ခြင်းဖြစ်သည် ။ ငွေ ၄၀၀၀ ပြန်အမ်းပြီး အကြွင်းအကျန် ဖြင့် ကွေကာအုတ်ဝယ်ရမည်ကို သတိမထားနိုင်ခဲ့။ အဖေမည်မျှ စိတ်ဆိုးသွားမည်ကို စဉ်းစားကြည့်နိုင် ပါသည် ။

အဖေက ငွေကြေးနှမြောတွန့်တိုသူ မဟုတ်သော်လည်း အလဟာ သသအကုန်မခံတက်ပါ။ ပြီး တော့ ဒီအုတ်ခဲအလုံးရှစ်ထောင်ကျော်ကို သူ့ အိမ်ရှေ့မှာ ပုံထားရတာ ဘယ်လောက်အလုပ်ရှုပ်မည် နည်း။ ပြည်ရော င်းစားလို့ ရသည့် ခေတ်လည်း မဟုတ်။ သုံးစရာလည်း ဘာမှ မရှိ။

သို့သော် ကံကောင်းသွားသည် မှာ စောစောကပြောသလို အဖေသ ည် ကျွန်တော့်ကိုအလွန်အ လိုလိုက်သည် က တစ်ကြောင်း၊ လူကြီးအလု ပ်လုပ်ချင်ဇောနှင့် မှားယွင်းသွားသည် ဟု ထင်သော ကြောင့် တစ်ကြော င်း အုတ်ခဲကိစ္စအတွက် ခွင့်လွှတ်ရှာပါသည် ။

ပြီးတာပြီးပါစေတော့ ဒါပေမယ့် ဟို မောင်သက်ပြန်လာရင် ငါ့ဆီလွှ တ်လိုက် သားကတော့ သဃ်န်းကျွန်းဈေးကိုပဲ သွားပြီး ဟော်လန်ကွေ ကာအုပ် တစ်ထုပ်ပြေးဝယ်အဖေဆာလှပြီးဟေ့ကောင် ကွေကာအုတ် နော်..

(မှတ်ချက်။ ကျွန်တော့်အထင် ဟိုစဉ်က ကျွန်တော်သာ ဘီယာလော က်မဟုတ်ဘဲ အရက်ပြင်း သောက်ခဲ့မိသည် ဆိုပါက ပိုငွေ ၄၀၀၀ ကျော် ဖိုး ကွေကာအုတ် အထုပ်တွေ ဝယ်လာမိမလား မသိ။ ထို စဉ်က ကွေ ကာအုတ်တစ်ထုပ်မှ နှစ်ကျပ်လောက်ပေးရတာ စဉ်းစားသာ ကြည့်ပေ တော့)

သောကြာစာစောင်

အမှတ်(၄၄၁)မေလ၊ ၂၀၀၀ ပြည့်နှစ်။

* * *

# တစ်ခါမှား တစ်ခါမိ

တစ်ခါသောက်တစ်ခါမှားတက်သော ကျွန်တော်သည် တစ်ခါမှား တစ်ခါမိလည်း ဖြစ်တက်ပါ သည် ။ မိတယ် ဆိုလို့ ခေတ်စကားအလိုအရ ကောင်းသည် ။ ဇိမ်ရှိသည် ဟု မဆိုလိုပါ။ တကယ့်ကို သူ ခိုးလူမိသလို အဖမ်းခံမိခြင်းဖြစ်ပါသည် ။

နော့ဖြင့် မေးစရာရှိသည် ။ သုမောင် အရက်သောက်တာတစ်နိုင်ငံလုံးလူအသိမဟုတ်လားဟု ။ နေရာမရွေး။ လူမျိုးမရွေး နှင့်ဖြောက်သောက်သည် ကောမဟုတ်လားဟု ။ မှန်ပါသည် ။ ကျွန်တော် သည် အရက်နှင့်ပတ်သက်လာလျှင် တွေ့မရှောင်ဖြစ်ခဲ့ပါသည် ။ စသောက်ကတည်းက ဘယ်သူ့ရှေ့မျှ မရှောင်ဘဲ သောက်ခဲ့ပါ၏ ။ သို့သော် ခြွင်းချက်အနေနှင့်ကား ပုဂ္ဂိုလ်တစ်ယောက်ရှိပါ၏ ။ ဟုတ်ပ့ါ။ ဖခင်ကြီး ရှေ့တွင် ဖြစ်ပါသည် ။

အရက်ဆန့်ကျင်ရေးဖခင်ကြီးရှေ့မှာ တော့ ကျွန်တော် မသောက်ပ့ံခဲ့ပါ။ စသောက်တက်က တည်းက ဖခင်ကြီးကွယ်လွန်ချိန်အထိဖြစ်ပါသည် ။ ဖခင်ကြီးရှေ့မှာ မသောက်ဟု ဆိုသဖြင့် ကွယ်ရာမှာ သောက်တာတော့ သေချာပါပြီ။ သိသာသိစေ မမြင်စေနှင့်တဲ့ ။

သည် တော့ ကျွန်တော်သောက်တာ အဖေသိသည် ။ လက်ပူးလက်ကြပ်ကား မမြင်ခဲ့ချေ။ သို့ သော် သောက်မှန်းသိသွားခဲ့သည် ကတော့ အကြိမ်ကြိမ်ဖြစ်သည် ။ အဲ သိရုံမက မိသွားသည့်အဖြစ်အ

ပျက်များကို ယခု ကျွန်တော်ပြောပြပါတော့မည်။

ကျွန်တော့်ဖခင်ကြီးသည် အကြားအာရုံ ချို့တဲ့ သောကြောင့်(အမြင်အာရုံကလည်း မကောင်းသ ဖြင့်) အနံ့ခံအာရုံ အလွန်ကောင်းသည် ဟု ထင်ပါသည် ။ အဖေသည် စီးကရက် အလွန်ကြိုက်သူ(ChAI N SMOKER ) ဖြစ်ပေရာ ကျွန်တော်တို့ သူ့ရှေ့ စီးကရက်သောက်နေလျှင် ဘာတံဆိပ် ဟူ၍ ပင် တပ် အပ်ပြောနိုင်ပါသည် ။ (သူ့ကျတော့ စီးကရက် လက်မလည်အောင် သောက်ပြီး ကျွန်တော်တို့ တော့ အရက်နှင့်ပတ်သက်ပြီး လုံးဝခွင့်မလွတ်)

သို့သော် ထိုမျှအရက်ကို မကြည့်ချင်လောက်အောင် မုန်းသဖြင့်လည်း တစ်ခုတော့ ကံ ကောင်း သည် ။ နှာခေါင်းအာရုံကောင်းသော်လည်း အရက်နံ့ကို ကောင်းစွာ မသိခြင်းဖြစ်ပါသည် ။ ဆိုပါစို့ ဒဏ် ရာအနာတရကလေးတစ်ခုခုဖြစ်နေလျှင် ကျွန်တော်အရက်သောက်ထားတော့ အဖေမသိတော့ချေ။ အကြောင်းကာ စပရစ်(အရက်ပျံ)ကို အနာပတ်ဝန်းကျင် ရွှဲရွှဲလိမ်းထားလိုက်တော့ အဖေက စပရစ်နံ့ နှင့် အရက်နံ့ကို ရောထွေးသွားပြီပေ့ါ။ တစ်ခါကလည်း ညှော်ခံပွဲတစ်ခုအဖေနှင့် အတူသွားရာ မတက် သာ၍ အဖေ့အလစ်တွင် ဂီစကီတစ်ခွက်နှိပ်လိုက်၏ ။ အပြန်လမ်းရောက်သော် ဟော့ကောင် မင်းပါးစပ် က ဘီယာနံ့ရတယ်ဟု ပြောလေသည် ။

မည်သို့ပင်ရှိစေ အမူအရာကြည့်၍ ကို အဖေက အကင်းပါးစွာ သိနိုင်သည် ။ အကြားအာရုံချို့ တဲ့ သဖြင့်လည်း သူ့ကို စကားကျယ်ကျယ်အော်ဟစ်ပြောရသောကြောင့် ပါးစပ်မှ ထွက်သော လေလုံးမှ တစ်ဆင့် အနံ့ရသွားနိုင်သည် ။

အရက်လုံးဂ ဆန့်ကျင်နှိမ်နင်းရေးသမားဖခင်ကြီးကို ရှောင်ရတိမ်းရ

သည့် မှာ မလွယ်ပါ။ တကယ့် စွန့်စားခန်းကြီးများ ဖြစ်ပါသည် ။

အရက်စသောက်တက်ခါစကတော့ (မူးအောင်လည်း သောက်တာမဟုတ်) ထုံးစံအတိုင်း သောက်ပြီး အစာများများ ၊ မာလကာရွက်၊ ကြက်သွန်ဖြူ၊ ပီကေစသဖြင့်ဆရာ၊ ဆရာများ ၏ အညွှန်းအ တိုင်းပြီးမှ အဖေနှင့်မျက်နှာချင်းဆိုင်၊ များ သောအားဖြင့်ကတော့ အဖေနှင့်တွေ့စရာအကြောင်းမရှိမှ သောက်ပါသည် ။ သောက်ပြီးလျှင်လည်း အိပ်ရာတန်းဝင်ရုံသာရှိသည် ။ကိုယ်ကလည်း သောက်လက်စ အဖေနှင့်ကလည်း တွေ့ကိုတွေ့ရမည်ဆိုလျှင် စောစောက နည်းများကို သုံးရ၏ ။ သည် လိုနှင့် အနေ ကြာလာတော့အဖေအမေအမူအရာတွေပျက်လာသည် ။ ဟုတ်ပါသည် ။ ကျွန်တော့်အမူအရာပျက် ခြင်းမဟုတ်။ အဖေအမူအရာပျက်ခြင်းပါ။

ဘယ်နှယ့် သည် သားအဖနှစ်ယောက် အတူနေတာ။ သူ့မျက်နှာကိုယ့်မျက်နှာအခြေပျက်သည် ကို မသိရှိပ့်ါမလား။ ထို့ကြောင့် မူလပုံမှန်အမူအရာမှ ကျွန်တော့်အပေါ် သံသယမကင်းသော မျက်လုံး များကိုရင်ဆိုင်ရလာသောအခါ ကျွန်တော်သည် သောက် ချိုးပြောင်းရတော့၏ ။ အရက်ကို မြန်မြန်အ ရင်သောက်။ ပြီးအပေါ်က အစာဖြင့်ဖိ။ နောက်ဆုံးမှ ရေကို ပါးစပ်ထဲ ထပ်လောင်းထည့်ပြီးမှ စောစော ကပြောသော အနံ့ပျောက်သရေစာတွေဝါး။

အရက်တို့ သဘာဝမှာ သောက်ပြီးပြီးချင်း အနံ့မထွက်သေးပါ။ မူးလည်း မမူးသေးပါ။ သူက ကြာမှ အစွမ်းအစကလေးပြသည် ။

သည် တော့ အထက်ပါနည်းအတိုင်း သောက်ပြီးပြီချင်း အဖေ့ကိုတွေ့စရာရှိတာ မြန်မြန်တွေ့ ရသည် ။ လူကမမူးသေး။ အရက်က အနံ့မထွက်သေးဘူး မဟုတ်လား။ ဒါတောင်

ဟော့ကောင် ကြက်သွန်ဖြူတွေ အလကားနေရင်း စားမနေနဲ့၊ ရောဂါရမယ်ဟု ရိပ်ဖမ်းသံဖမ်း ပြောလာသဖြင့် နည်းပြောင်းရသေး၏။

ပီကေဝါးတော့လည်း

ပါးစပ်အားနေသလား အပြောခံရ။ မာလကာရွက်ကလည်း နေရာတိုင်း မရှိနိုင်။ ကွမ်းဝါးဖို့ က တော့ အရက်ထက်ပို၍ အဖေမုန်းသဖြင့် ပါးရိုက်ခံရမှာ သေချာသည် ။ကွယ်လွန်သူ နာမည်ကျော်မင်း သားကြီး၏ နည်းလမ်းက မဆိုးပါသော်လည်း ရိက္ခာရှားပါးမှုကြောင့် မနိုပ်။ သူ့နည်းက နောက်ဆုံး အစာပိတ် ထောပတ်မျိုချတဲ့ ။

နောက်ဆုံး ကျွန်တော့်ဘာသာ တီထွင်သော နည်းကတော့ မြန်ကောင်းသက်သာဖြစ်ပါသည် ။ ငှက်ပျော်သီးတစ်လုံးကို မဝါးဘဲ အလောတော်ကိုက်ကိုက်ပြီး မျိုချခြင်းသာ ဖြစ်၏ ။

ဘာပဲဖြစ်ဖြစ် အဖေမိသွားရတာ ပါပဲ။ အသို့ဟူမူ အရက်တို့ ၏ သဘာဝမှာ ပါးစပ်မှ သာ အနံ့ ထွက်ခြင်းမဟုတ်။ ထွက်သက်အဖြစ် နှာခေါင်းမှ လည်း ထွက်ပါ၏ ။ ပါးစပ်ကို တစ်ခုခုဝါးပြီး ပိတ်လို့ ရသော် လည်း နှာခေါင်းကိုကားပိတ်ထားလို့ မရပါ။ အဖေ့ရှေ့မှာ စကားပြောလျှင် အသက်ကို ရှူသာရှူပြီးထွက်သက်ကိုပါ ပါးစပ်မှ ပိတ်ထားလို့ မရပါ။ အဖေ့ရှေ့မှာ စကားပြောလျှင် အသက်ကို ရှူ သာရှူပြီးထွက်သက်ကို ပါးစပ်မှ မှုတ်ထုတ်သောနည်းဖြင့် ကာကွယ်ရေးလုပ်ခဲ့ရပါသည် ။

သို့သော် တစ်နေ့သော် ကျွန်တော်အိပ်မောကျနေစဉ် ဘာစိတ်ကူးပေါက်သည် မသိ။ အဖေ သည် ကျွန်တော့်အိပ်ခန်းသို့ ကူး လာပြီး ကျွန်တော်ပါးကိုဖွဖွညင်သာ နမ်းလေရာ အားရပါးရ မှုတ်ထုတ် နေသောထွက်သက်လေကိုရှူမိပြီး ကျွန်တော်သောက်ထားတာတွေ ဘူးပေါ်သလိုပေါ်ကုန်ပါတော့ သည် ။ အဖေက ကျွန်တော်တို့ ကို သူဆုံးပါးခါနီး အထိ

ဖက်ရမ်းနမ်းရှုပ်တက်ပါသည် ။

ထိုနေ့မနက် ကျွန်တော် အိပ်ရာနိုးတော့ ကျွန်တော့်သွားတိုက်တံတွင် အရက်ဆန့်ကျင်ရေး စာစောင်ချိတ်ထားသည် ကို တွေ့ရပါသည် ။ သည်လိုနှင့် အရက်ဆန့်ကျင်သော ဖခင်ကို ကျွန်တော် က ဆေးလိပ်ဆန့်ကျင်ရေး စာပြန်ပို့၊ အဖေကထပ်ရေး၊ ကျွန်တော်က ထပ်ပြီး စာပြန်နှင့် စာချင်းစကား နိုင်လုခဲ့ရာ နောက်ဆုံးတစ်လုံးတည်းသော ဆဲ စာဖြင့် ကျွန်တော် အရှုံးပေးခဲ့ရပါသည် ။ ထို့အကြောင်း အကျယ်တဝင့်ကို သာခု သုမောင် စာပေတိုက်ပွဲဟူသော ပျော်စရာ ကွမ်းစကား စာတစ်ပုဒ်ကျွန်တော် ရေးခဲ့ဖူးပါသည် ။

ဒါက ပထမဆုံးအကြိမ် ကျွန်တော် အရက်သောက်တာကို အဖေမိသွားခြင်းပါတည်း။

* * *

နောက်တစ်ကြိမ်က ၁၉၈၀ ပြည်ထောင်စု ပဒေသာကပွဲ ကျိုက္ကဆံကွင်းမှာ ပါ။ ထိုပွဲတွင် ကျွန်တော်က အဖေစီစဉ်သော ပြဇာတ်တစ်ပုဒ်တွင် သရုပ်ဆောင်ရပါသည် ။ နေ့လယ်အသံသွင်း၊ ညပြဇာတ်ကနှင့် အလုပ်ရှုပ်နေချိန် အေးဘုံမှာ လည်း ပထမဆုံးသော ဗိုလ်ကပူကောင်းတုန်း။ မွေးရက် စေ့နေချိန်။ ကျွန်တော့်စိတ်က ယောက်ယက်ခတ်နေ၏ ။ မူလပင်ကိုက ကင်မရာရှေ့ သရုပ်ဆောင်ရမှာ ကိုပင် ရှက်တက်သော ကျွန်တော့်မှာ လူထောင်သောင်းချီနေသောပရိသတ်ရှေ့ ဘယ်လောက်ရင် တုန်ဒူးတုန်ဖြစ်လိုက်မည်ကို စဉ်းစားသာကြည့်ကြပါ။ ပြဇာတ်ကဖူးတာ ဒါ ပထမဆုံးအကြိမ်ဖြစ်သည် ။

နောက်ဆုံးမတက်သာ၍ ကျွန်တော်အရက်သောက်ပြီး စင်ပေါ်တက်ရသည် ။ သို့သော် မူး အောင်တော့ မသောက်။ အာရှင်ရုံမျှ

အကြောက်ပြေရုံမျှသာ သောက်ပါသည် ။ စောစောက ပြောခဲ့ သည့် န ည်းမျိုးစုံကိုသုံးခဲ့ပါသည် ။ပီကေရော၊ ထောပတ်ရော။ ငှက်ပျောသီးရော ။ အကုန်းစားခဲ့မျိုခဲ့ပါသည် ။

လိုဂုမည်ရဆိုသလိုပင် မိက်ကပ်ခန်းသွားပြီးမင်းသမီးခင်သီတာထွန်းထံမှ ရေမွှေးတောင် ဆွတ် ခဲ့လိုက်သေး၏ ။

မိတ်ကပ်ခန်းထဲရောက်သော် သူတို့ က ဟယ် ဘိုသုက မျက်နှာပြော င်ကြီးနဲ့ တော့ လာလာ မိတ် ကပ်နည်းနည်းပွတ်လိုက်ဟု စေတနာနှင့် လား မြှောက်ပေးတာလားမသိ။ ဝိုင်းပြောကြသဖြင့်(ဘယ် တော့မှ မိတ် ကပ်မလိမ်းဖူးသော ကျွန်တော်) မိတ်ကပ်လူး၏ ။

ကျွန်တော်ပြောခဲ့သည် ။ အရက်တို့ ၏ သဘာဂမှာ ချက်ချင်းအချက် မပြပါဟု ။ ဟော အိမ်ကအ ထွက် သွေးပူအောင် ခိုးသောက်ခဲ့သော အရ က်က ကိုယ့်အလှည့်မကျသေးခင်အတွင်း တန်ခိုးပြပါ လေပြီ။ မူးအောင် မသောက်၊ အာရွှန်အောင်သောက်ရသဖြင့် မိတ်ကပ်လူးခန်းထဲ မင်းသ မီးများ ၊ သူ တို့ နောက်လိုက်များ နှင့်ကျွန်တော်တရုံးရုံးဖြစ်နေပါပြီကော ။

သူတို့ နှင့် ဘယ်တုန်းကမှ ပရောပရီမနေတက်ခဲ့ဖူးသော အလွန်တ ည်ကြည်သူဟု နာမည် ကြီးသော သုမောင် ဘုကောင် တစ်ယောက်လား အလားလာ မိန်းမလျာများ နှင့် ထိပ်ပုပ်ခေါင်းပုပ် ဟို ပုပ်သည် ပုပ်။

ထိုစဉ်မှာ ပင် အေးဘုံ ရုတ်တရက် ဗိုက်နာလာလို့ သားဖွာ ဆေးရုံပို့ လိုက်ပြီဟူသော သတင်း က ကျိူက္ကဆံကွင်းထဲအထိ ရောက်လာသည် ။ အိမ်မှ အလုပ်သမားတစ်ယောက်က ဇာတ်ရုံလိုက် ပြောရာ ကျွန်တော် ကို ရှာမတွေ့၍ အဖေ့ကိုသတင်းပို့။အဖေက ဇာတ်ရုံအနှံ့ လိုက်ရှာလေ

ရာ လား လားကျွန်တော်က မိတ်ကပ်ခန်းမှာ မျက်နှာအရဲသားနှင့်။

အဖေသည် ကျွန်တော့်ကိုကြည့်၍ မျက်စိမျက်နှာတော်တော်ပျက်သွားပါသည် ။ ပြီးမှ သူ့ကြွေ ရော ကျွန်တော့်သိက္ခာကိုပါဆည်ပြီး။

သား အေးဘုံ ဆေးရုံရောက်ပြီး မွေးတော့မယ်ထင်တယ်။ ဗိုက်က လေးတင်အောင်ကို သွား မေး။ ကျော်ဟိန်းနဲ့ ခင်သန်းနုပြဇာတ်အရင်ထွက်မလား။ သားအရင်ထွက်ရမလားလို့ ဟိုမှာ အေးဘုံ အရေးကြီးတယ် ပြောပြ။

ဘဘဗိုလ်ကလေးတင်အောင်၏ ခွင့်ပြုချက်ဖြင့် ကျွန်တော်ပြဇာတ်အရင်ထွက်ခွင့်ရပါသည် ။ ပြ ဇာတ်ကပြီးပြီးချင်း တစ်ယောက်တည်း မော်တော်ကားတအားမောင်း၍ ဆေးရုံသို့ ပြေးပါသည် ။ မမီး တော့ပါ။ အေးဘုံက မွေးပြီး နှင့်လေပြီ။ မြန်လိုက်တဲ့ မိန်းမ။ ဆေးရုံမှာ ပင် အဖေ့ထံ တယ်လီဖုန်းဆက် အကြောင်းကြားလိုက်တော့။

ချွေးကောင် ခုနက မင်းသောက်ထားတယ် မဟုတ်လား ဟု ဆီး၍ ပြောပါသည် ။

မသောက်ပါဘူးဖေဖေ

မသောက်ရင် နှင့်အမေက လိန်မို့ မိတ်ကပ်ခန်းထဲရောက်နေတာ လား။ မင်းဘယ်တုန်းက မိတ် ကပ်လိမ်းဖူးလို့ လဲ။ ဘယ်တုန်းက မင်းသမီးတွေနဲ့ ဟီလာဟာလာတိုက်ဖူးလို့ လဲ ကောင်းပြီ မင်းဒီည မင်းမိန်းမနားမှာ ပဲ နေလိုက်။နက်ဖြန်မှ မင်းကို နာရင်းအုပ်မယ်။ ဟူ၍ နာရင်းကို အကြွေးရိုက်လိုက်ပါ သည် ။ တကယ်တော့ ကျွန်တော်ပျော်သလို အဖေလည်း ပျော်ပုံရပါသည် ။ နောက်တစ်နေ့ နားရင်းမရိုက် ဖြစ်ခဲ့ပါ။

* * *

ကျွန်တော်သောက်တာကို အဖေသိသော်လည်း လက်ပူးလက်ကြပ်မိတာကတော့ ယခုပြောပြမည့် အကြိမ်နှင့်ပေါင်းမှ သုံးကြိမ်သာရှိပါသည် ။

၁၉၈၈ အတွင်းမှာ ပင် ဖြစ်၏ ။

ထိုတစ်ကြိမ်ကတော့ ငပလီတွင် ရုပ်ရှင်သွားရိုက်တုန်းက ဖြစ်ပါသည် ။ ဝေဝေလွင်ဆိုသည့် ဇာတ်ကားပါ။ ဒါရိုက်တာက အစ်ကိုမောင်ဝဏ္ဏ ။ မင်းသားက ဦးစိန်မြင့်နှင့် ကျွန်တော်။ ထိုစဉ်က မောင် ဝဏ္ဏသောက်ကောင်းတုန်း ဖြစ်၏ ။ ခုလို ဘုရားကျောင်းဒကာမဖြစ်သေး။ ကျွန်တော်နှင့် ဦးစိန်မြင့်ဆို တာကတော့ ပြောစရာမလို။ ထုတ်လုပ်သူကလည်း ဦးစိန်မြင့်ကိုယ်တိုင်ကလည်း ဖြစ်လေရာ ဘာပြော ကောင်းမည်နည်း။ စူဠလိပ်သုံးကောင် ငပလီပင်လယ်ပြင်ထဲ လွတ်လိုက်သည့်အလားပေါ့။

အဖေနှင့် မိုင်ပေါင်းများ စွာ ကွာသည့်နေရာ ရခိုင်ရိုးမကြီးကာဆီးထားသည့်နေရာ ကိုယ့် မင်းကိုယ်ချင်း သောက်ချင်တိုင်း သောက်နေကြပါပြီပေါ့။(မှတ်ချက်။ အဖေ့ကို ကျွန်တော်တို့ ညီအစ်ကို အပြင် ဦးစိန်မြင့်လည်း တော်တော်ကြောက်ပါသည် ။)

အရက်၏ သဘာဝကိုနည်းနည်းထပ်ပြောရပါဦးမည်။ အရက်ကောင်းတို့ မည်သည် သည် ကနေ အဝသောက်လည်း မနက်ဖြန်သွေးကမတောင်းချင်တတ်သေး။ အရက်ညံ့တို့ မူကား သည် နေ့လို များ များ သောက်လိုက်လျှင် မနက်ဖြန်အသာထားလို့ သည် နေ့ညတွင် ချင်းပင်တရေးနိုးထပြီး တောင့်တ တက်လေသည် ။

ငပလီလိုနေရာမှာ ဟိုစဉ်က အရက်ကောင်းသိပ်ပြီး ရှာရမလွယ်ပါ။

လွယ်သည့်တိုင်အောင် ဦးဆောင်သူ သုံးဦးသားမှာ ခေါင်းဆောင်ကောင်း ပီသစွာ အရက်ကို သီးခြားမသောက်။ နောက်လိုက် ငယ်သားများ နှင့် ကြမ်းတပြေးတည်းထိုင်၍ တစ်မည်းတည်းသော အရက်ညံ့ကိုသာ ဝိုင်းဖွဲ့သောက် သောဟူ၏ ။

ကြောက်ရမည်သူနှင့် ကင်းကွာပြီး လနှင့်ချီ၍ အရက်ညံ့များကိုသာ မှီဝဲနေကြလေရာ အရက် ဆာသော ဒဏ်ကို မကြာခဏ ခံစားရလေတော့သည် ။ သည် တော့ ဘာဖြစ်သနည်း။ ညသောက်ရာက ညနေ။ နောက်နေ့လယ်ဟော နောက်ဆုံး မိုးလင်းထသောက်သည့်အနေအထားသို့ ရောက်လာခဲ့ တော့သည် ။ သို့သော် ဘာအရေးနည်း။ အဖေနှင့်တွေ့ရမည်မှ မဟုတ်တာ။သို့သော်အရေးတော်ကာ ပေါ်ပေါက် လာလေသည် ။ ကင်မရာပျက်သွားခြင်ဖြစ်လေသည် ။ ကင်မရာက အဖေပိုင်ကင်မရာ။ အဖေ သည် သူကင်မရာနှင့် သူ့မော်တော်ကားကို ဘယ်သူပြင်တာမှ မကြိုက်သူ ဖြစ်၏ ။ ပျက်နေသောနေ ရာတွင် လက်ရာမပျက်သည့်အတိုင်းထား သူလိုက်လာမည်။ ကိုယ်တိုင်ပြင်မည်။ ဒါက ထုံးစံဖြစ်နေ ၏ ။

ထိုစဉ်ကလည်း ကင်မရာပျက်သွားသဖြင့် ရန်ကုန်အဖေ့ထံ ဖုန်းဆက်အကြောင်းကြားရ၏ ။ အဖေသည် ထုံးစံအတိုင်း ဒီအတိုင်းထား မထိနဲ့ မကလိနဲ့ ။ ငါမီရာ လေယာဉ်နဲ့ လိုက်လာမယ်တဲ့ ။

သည် မှုကြီးမားသော ပြဿနာထဲတွင် ကျွန်တော်တို့ သုံးယောက်၏ အရက်ဆာလောင်မှု ထိန်းသိမ်းဂေးကိစ္စလည်း တစ်မှောင့်ဖြစ်လာခဲ့ပါတော့သည် ။ ပြောခဲ့ပါပကော့။ အရက်ညံ့ကို တစ်လ ကိုးသီးတင်း သောက်ထားမိပြီဟု ။

အဖေရောက်လာ၏ ။ ကင်မရာပြင်ပြီး ချက်ချင်းလေယာဉ်ဖြင့်ပြန်သည် ။ ဆိုပေမယ့် သုံးရက် တော့ ပေလီမှာ ကြာပါသည် ။ ထိုစဉ်အတွင်း

ကျွန်တော်တို့ ဖိုးသမားသုံးယောက်မှာ အလူးလူးအလိမ့် လိမ့်ပေ့ါ။ မတက်သာတော့လည်း ခိုးသောက်ကြပေ့ါ။ အထက်က ကျွန်တော်ပြောခဲ့သော ကာကွယ် နည်းများကို သုံးကြပေ့ါ။

မည်သို့ပင်ရှိစေ အဖေကတော့မိသွားတာပါပဲ။သည် တစ်ချိန်မိပုံမိနည်း က အနံ့ကြောင့်လည်း မဟုတ်။ အမူအရာကြောင့်လည်း မဟုတ်။ ကျွန်တော်တို့ ၏ အသုံးတော်ပုလင်းများက ကိုယ်တိုင်သက်သေထွက်ကြသောကြောင့် သာဖြစ်ပါ၏ ။

ငပလီတွင် ကျွန်တော်တို့ တည်းခိုသော ရိပ်သာသည် ဆောက်ခါစ ဖြစ်၏ ။ အခန်းများ သီးသန့် မကာရသေးပါ။ ရှိသမျှ အခန်းကိုလည်း မိန်းမသားတွေကို လုံခြုံမှုအတွက် ပေးလိုက်ရသဖြင့် ယောကျ်ားများက ဂရန်တာတွင် တန်းစီအိပ်ကြရ၏ ။ အဖေရောက်လာတော့ အဖေ့ခများ လည်း ကျွန် တော်တို့ နှင့်ပင် ဒိုးတူပေါင်ဖက် အိပ်ရပါသည် ။ ခက်တာက အဖေ့ကို အားနာခြင်းထက် အရက်ကို ပေါ်ပေါ်တင်တင် သောက်မရခြင်း ဖြစ်၏ ။

အရက်ပုလင်းများကိုလည်း အရင်လို ကိုယ်ခေါင်းရင်းမှာ ကိုယ်ထားပြီး ဦးချမအိပ်နိုင်တော့ ပါ။ မီးဖိုချောင် သွားထားဖို့ ရာကလည်း အဖေသည် မထင်လျှင် မထင်သလို ကိုယ်တိုင်မီးဖိုချောင်သွားထား ဖို့ ရာကလည်း အဖေသည် မထင်လျှင် မထင်သလိုကိုယ်တိုင် မီးဖိုချောင်ဝင်မွှေတက်သူဖြစ်နေ၏ ။

ထိုကြောင့် ဟိုလိုလို သည် လိုလိုနှင့် စားသောက်ဆိုင်တန်းဘက်ပြေးမော့ကြရ၏ ။ အဖေက လည်း ညမအိပ်သော ညလူဖြစ်သောကြောင့် မိုးလင်းပိုင်း အဖေအိပ်မှ ထပြီးသောက်ရပါသည် ။

ထိုအခါ ညကတည်းက အရက်ပုလင်းများ ဝယ်ထားပြီး ဟိုသဲစပ်စပ်

သောင်ခုံမှာ သွား မြှုပ် ထားလိုက်ကြရ၏ ။ မနက်အဖေအိပ်ရာမှ ထနိုပ်မည်ဟု ။ သို့သော် ကျွန်တော်တို့ သည် ပင်လယ်၏ မာ ယာကို မသိကြချေတကား။ တစ်ညလုံး အတက်ကြမ်းသော ဒီရေသည် ကျွန်တော်တို့ မြုပ်ထားသော ရွှေပုလင်းများကို သဲထဲမှ ဖော်ထုတ်ပြီး တည်းခိုဆောင်ခြေရင်းသို့ ဦးခိုက်ပို့ဆောင်ပေးတက်ခြင်းမာယာ ရှိသည်တကား။ တိုက်တိုက်ဆိုင်ဆိုင် အိပ်မပျော်သဖြင့် နံနက်စောစော လမ်းထလျှောက်မည့် အဖေ ခေါင်းရင်းတည့်တည့်မှာ အစီအရီ ပုလင်းများကို ဘားကောင်တာကဲ့သို့ ပြသနေပါရောလား။

အဖေက တော်တော်လျှင်ပါသည် ။ ထိုကိစ္စကို သူမသိချင်ဟန်ဆောင်နေလိုက်၏ ။ ကျွန်တော် တို့ ကလည်း အဖေမသိသေးဟု အထင်ဖြင့် အဖေအိပ်ရာဝင်သောအခါ အားပါတရ မှီပဲကြလေ၏ ။ကျွန် တော်တို့ သောက်လို့ ဂလောက်မှ အိပ်ရာထဲမှ ပြန်ထ လာပြီး။

ဟေ့ ဟိုဇိုးသမား သုံးကောင်လာကြစမ်း။ ကျွန်တော်တို့ မှာ သောက်လက်စ ပုလင်းများကို ၄က် ပြီးပါစပ်ပင် မဆေးနိုင်ဘဲ အဖေ့ရှေ့မှာ တန်းစီရပ်လိုက်ကြပါတော့သည် ။ အဖေသည် ကျွန်တော်တို့ ရှေ့တွင် ဂုဏ်ပြုတပ်ဖွဲ့ စစ်ဆေးနေသော ဧည့်သည် တော်ကြီးပမာ ခေါက်တုံးလျှောက်ပါ သည် ။ ပြီးမှ

ဟေ့ကောင်စိန်မြင့် ပါးစပ်ဟ ဟားလို့ လုပ်စမ်း

ဟား လို့ လုပ်စမ်းဆိုတာ ပါးစပ်ဖြင့် ထွက်သက်လေ ထုတ်ခိုင်းခြင်းဖြစ်ပါသည် ။

ဦးစိန်မြင့်က ဟားတော့လုပ်ပါသည် ။ သို့သော် သူက လူလည်။ ပါးစပ်မှ ထွက်သက်မမှုတ်ဘဲ ရှိုက်သွင်းပြီး ဟားဟု အသံပြုပါသည် ။

ဟေ့ကောင် ငါ့ကိုနောက်စရာများမှတ်နေသလား

ဖြောက်

ထိုဖြောက်မြည်သံသည် အဖေက မင်းသားကြီး စိန်မြင့်မေးရိုးကို လက်သီးဖြင့် ထိုး၍ ထွက်လာ သောအသံ ဖြစ်၏ ။ ခွပ်ဟု မမြည်သည် မှာ သားအရင်းမဟုတ်၍ ငဲ့ညာထိုးလိုက်သောကြောင့်သာဖြစ်ပါ သည် ။

ပြီးတော့ ကျွန်တော့်အလှည့်။ မငြင်းသတော့၍ မေးရိုးကိုမော့ပေးလိုက်ရတော့သည် ။ သို့သော် ကျွန်တော်က မင်းသားပဲ။ အဖေ့လက်သီး ကျွန်တော် မေးရိုးပေါ်ကျလာသည့် စက္ကန့်ပိုင်းမှာ ပင် အရှိန် နှင့်နောက် သို့ (ရုပ်ရှင်ဖိုက်တင်ရိုက်သလို) အလိုက်သင့် လှန်ချလိုက်ရာ ဖြောက်ဟု ပင် အသံမမြည် ဘဲ ကျွန်တော်က ကြမ်းပေါ်ပုံလျက်သား

နောက်တစ်ယောက် အကယ်ဒမီ မောင်ဂဏ္ဍာ။ သူကား အကယ်ဒမီ ဒါရိုက်တာ ဆုရထားပြီး အိုက်တင်မလုပ်တက်။ ပြီးတော့ သူ့ဂသီကိုက ကလိမ်ကလပ်မလုပ်တက်။ လုပ်ရဲ ခံရဲရမယ်။ ဟု ခံယူ ထားတဲ့ သူ။ အဲ အရက် သောက်ထားပြီးပြီဆိုလျှင်တော့ အိုဗာအိုက်တင်တွေဖြစ်ကုန်တက်ပါသည် ။

ထို့ကြောင့်

ခွပ်

အဖေ့လက်သီးသည် သူ့ပါးရိုးငေါငေါပေါ်သို့ အသံပြုလိုက်ပါလေပြီး မောင်ဂဏ္ဍာကလည်း အရက် တန်ခိုးဖြင့် နှစ်ဆတိုးလေပြီ။

ပထမအချက်ယိုင်သွားပြီး သူ့ကိုယ်ကို ပြန်မတ်၏ ။ ပြီးတော့ငိုသံပါကြီးဖြင့်ထိုးပါအဖေ ထပ်ထိုးလိုက်စမ်းပါ

သူ့ကား အကယ်ဒမီ အိုက်တင်ကို လုပ်ပါချေပြီ။ သို့သော် ဦးသာခုကား သူ့အရင် အကယ်ဒမီ ယူခဲ့သူသာဖြစ်သည် ကိုမူ ဘယ်သူမှ ငြင်းလို့

မရ ပါချေ။

ဟာ ခွေးဖြစ်မယ့်နွား ထိုးတယ်ကွာ ထိုးတယ်

ခွပ်

အင့် အောင့်မလေးဗျ

မောင်ဂဏ္ဍာသည် သဲသောင်ပြင်ပေါ်ထွက်ပြေးလေပြီကား

**သောကြာစာစောင်**

**အမှတ်(၄၄၄)၊ ဩဂုတ်လ ၂၀၀၀ ပြည့်နှစ်**

* * *